# ink cartridges တစ်ခုကို resetter မသုံးဘဲ အချိန်အကြာကြီး သုံးလို့ရအောင်




printer သုံးတဲ့ သူတိုင်းအတွက် ရှယ်ရှယ်တာပါ . ink cartridges တစ်ခုကို အချိန်အကြာကြီး အသုံးခံအောင် ဘယ်လိုလုပ်ရမလဲ ဆိုတာ နစ်နည်းရှိပါတယ် .

- (1) ink resetter ကိုသုံးရင်သုံး မသုံးရင်
- (2) InkSaver လို program မျိုးကိုလဲ သုံးလို့ရပါတယ် .

သူကဘာတွေကို လုပ်ဆောင်ပေးလဲဆိုရင် မလိုအပ်ဘဲ ink over နဲ့ head cleaning တွေကို ထိန်းချုပ်ပြုပြင် ပေးတဲ့အပြင် ink level ကန့်သတ်ချက်ကိုလဲ အကောင်းဆုံး ထိန်းချုပ်ပေးထားပါတယ် . ကဲအောက်မှာ စမ်းသုံးလိုက်ပါဦး . ဒါက ink jet printer တွေအတွက် အလုပ်ဖြစ်ပေမယ့် laser jet တွေအတွက်တော့ သိပ်အလုပ်မဖြစ်ပါဘူး . ink jet printer သမားများအတွက် ပေးလိုက်တာပါ . မြန်မာပြည်ရဲ့ 85% ဟာ ink jet ကိုပဲ အသုံးများပါတယ် . ဘာလို့လဲဆိုရင် ရှင်းပါတယ် . ဈေးသက်သာလို့ . ဟုတ်တယ်မလား .

Download ifile.it ၊ Download mediafire

## ဘာ့ကြောင့် resetter ကို သုံးကြရတာလဲ

ဒီမေးခွန်းအတွက် ကတော့ လွယ်ပါတယ် . printer တွေမှာ ဘယ် printer ကို မဆို original ဆေးဗူးတွေ မှန်သမျှဟာ စာရွက်အရွက်ရေနဲ့ သတ်မှတ်ပါတယ် . ဆေးဗူးတစ်ဗူးဆို စာရွက်ဘယ်နစ်ရွက် ဆိုတာမျိုးပေါ့ . တစ်ခါတစ်လေ ဆေးဗူးထဲမှာ ဆေးကျန်နေသေးတယ် ဒါပေမယ့် သူသတ်မှတ်ထားတဲ့ စာရွက်အရွက်ရေ ပြည့်သွားပြီဆိုရင် printer က ဆေးဗူးထဲမှာ ဆေးမရှိတော့ဘူးလို့ပဲ သတ်မှတ်လိုက်တာပါ . အဲ့ဒီအခါမှာ ဆက်ပြီးတော့ စာရွက်ထုတ်လို့ မရတော့ပါဘူး . ကိုက ဆေးဗူးအသစ်လဲ မဂယ်ချင်ဘူး . မူရင်းဆေးဗူးအဟောင်း ကိုပဲ ဆေးထည့်ပြီး ပြန်သုံးချင်တယ်

. ဘယ်လိုလုပ်မလဲ printer service လုပ်တဲ့ program တွေကို အသုံးချပြီး printer က ကုန်သွားပြီလို့ သတ်မှတ်ထားတဲ့ ဆေးဗူးကို ပြန်ပြီး reset လုပ်လိုက်တာနဲ့ ဆေးဗူးနောက်က ဆားကစ်ပြားမှာ မှတ်ထားတဲ့ memory ဟာ ပျက်သွားပါတယ် . သဘောက "0" ကို ပြန်ရောက်သွားတယ် ပေါ့ဗျာ . အဲ့ဒီ့လို ပြန်ပြီး reset လုပ်လိုက်ရင် ဆေးဗူးထဲမှာတော့ ဆေးတစ်စက်မှ မရှိလဲ reset လုပ်ထားတဲ့ ဆေးဗူးဟာ ကြည့်လိုက်ရင် ဆေးပြည့်နေတာကို တွေ့ရမှာပါ . ink jet ပဲဖြစ်ဖြစ် laser jet ပဲဖြစ်ဖြစ် ဆေးဗူးအဟောင်းကို ပြန်သုံးချင်တယ်ဆိုရင်တော့ resetter ကို အားကိုးကြရပါတယ် .

Laset jet **ဆိုတာ ဘာလဲ**ဆိုရင် ဆေးမှုန့်ပါတဲ့ ဆေးဗူးတွေကို အသုံးပြုပြီး စာရွက်ထုတ်ပေးတဲ့ colour (or) balck & white printer ကိုခေါ်ပါတယ် . သူက ဆေးမှုန့်နဲ့ အလုပ်လုပ်ပါတယ် . သူကဈေးကြီးတယ် . ဘာ့ကြောင့်ကြီးလဲဆိုရင် laser jet က ထွက်လာတဲ့ စာရွက်ကို ရေနဲ့ဆေးတာတောင် ဆေးက ကွာမကျဘူး . *(တင်စားတာနော် တစ်ကယ် သွားမဆေးနဲ့ဦး)*

Ink Jet **ဆိုတာဘာလဲ**ဆိုရင် ဆေးအရည်ပါတဲ့ ဆေးဗူးတွေကို အသုံးပြုပြီး စာရွက်ထုတ်ပေးတဲ့ colour printer ကိုခေါ်ပါတယ် . သူက ဆေးအရည်နဲ့ အလုပ်လုပ်ပါတယ် . ဈေးပေါပါတယ် . အပေါ်က laser jet လိုမျိုးတော့ ရေသွားဆေးဖို့မပြောနဲ့ ဟက်ချိုးဆိုပြီး နှာချေလို့ တံ့တွေး စင်ရင်တောင် စာရွက်ပေါ်က ဆေးရည်က ပျံ့သွားပါတယ် . ရေအထိမခံပါဘူး .

HP Laserjet 1160 / 1320 Printer Service Manual



HP Laserjet 1160 /1320 အတွက် Service Manual ကို တင်ပေးလိုက်ပါတယ် . အဆင်ပြေတဲ့နေရာ ကနေသာ Download လုပ်ကြပါ . အဆင်ပြေမယ်လို့ မျှော်လင့်ပါတယ် .

Download ifile.it ၊ Download mediafire

## HP LaserJet 4000 - 4050 (service)



Service လုပ်ဖို့အတွက် ebook တင်ပေးထားပါတယ် . ကျွန်တော် service လုပ်တုန်းကဆို သူများဆီက အင်္ဂလိပ်လို ရေးထားတဲ့ စာအုပ်ကို ခဏငှားပြီး မိတ္တူကူးရတာပါ .. မိတ္တူကူးစက် ဝယ်ချင်သူများ အကောင်းဆုံးကတော့ အပေါ်က canon 3050, 3025 တွေကိုသာ ရှာဝယ်ဗျာ သူတို့က အပိုပစ္စည်း လဲရတာ သက်သာတဲ့အပြင် ဆေးဖိုးကလဲ နဲနဲပဲကုန်တာ ဆေးတစ်ထုတ်ကို 5000 ရန်ကုန်မှာ ဘယ်လောက်မှမရှိဘူး . ပိုက်ဆံရှိလို့ ဈေးကြီးကြီး ကောင်ကြီးတွေဝယ်ပြီးတော့ ပစ္စည်းလဲတဲ့အခါတို့ ဆေးဝယ်ပြီးတော့ ထည့်တဲ့အခါတွေမှာဆိုရင် ထိုင်ပါငိုချင်သွားလိမ့်မယ် . နောက်ပိုင်း ကျွန်တော်အားမှ မိတ္တူကူးစက် အကြောင်းနဲ့ မိတ္တူကူးစက်မှာ ပေါ်တဲ့ error အကြောင်းတွေကို အသေးစိတ်ရေးပေးပါဦးမယ် . မိတ္တူကူးစက်တစ်လုံးကို ပြုပြင်ထိန်းသိမ်းဖို့အတွက် ဘယ်လို လုပ်ဆောင်ရမယ်ဆိုတာမျိုးတွေက အစပေါ့ . တစ်ခြားဘယ်သူမှတော့ မရေးကြသေးဘူး . ရေးချင်တာကတော့ အများကြီးပဲ . ကဲအောက်မှာ စာအုပ်ကို Download လုပ်လိုက်ပါဦး .

Download ifile.it ၊ Download mediafire

## Epson R390 Resetter



1. Turn on the printer
2. Set the date to 1 January 2007 Computer
3. Adjprog.exe run from the extract of a folder (or locate the file or application. Exe and run it)
4. Click accept
5. Click on the particular mode adjustment
6. Go to interview Then select waste ink pad counter then click ok
7. Click "button box" until it is done then click "initialization" button and then click "finish button"
8. Turn off the printer for 5secs then turn again
9. Set the date today.

Download ifile.it ı Download mediafire